# UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၉

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီများ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလျက်ရှိသည်။**

ထိုကဲ့သို့ လှူဒါန်းလျက်ရှိရာ ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၇၆၆၊ တောင်အာဖရိကရောက် မြန်မာနိုင်ငံသားများက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၂၁၆၅၊ ဒေါက်တာ ဝင်းနိုင်နှင့်ဇနီး ဒေါ်ဝေဝေအေး (စင်ကာပူနိုင်ငံ)က လှူဒါန်းငွေ စင်ကာပူဒေါ်လာ ၃၀၀ တို့ကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ် လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**

